# မာတိကာ


Preface

Introduction

(က) စကားနှင့် လက်တွေ့ (Word and Work)

၁။ မှသားပြောက်တဲ့ သမ္မတစကားကို ဘယ်သူတာဝန်ယူမလဲ ၁၇

၂။ နိုင်ငံတော်သမ္မတ ဘီဘီစီမှာ မှသားဝါဒ ပြောရက်လေခြင်း ၂၃

၃။ သိန်းစိန်နောက်မှ နောက်ဆက်တွဲ ၂၅

၄။ နိုင်ငံရေးအညွှန်သာရာ ၃၁

၅။ လိုင်းကျသွားတဲ့အခါ အဝတ်မပါကြသူများ ၃၅

(ခ) ခေါင်းဆောင်မှု (Leadership)

၆။ မပျော့နဲ့ သမ္မတကြီး ၄၁

၇။ ပေါ့ချွန်ကိုင်မှုကို လျှော့ချပါ ၄၅

၈။ သတ္တိရယ်၊ ဉာဏ်ပညာရယ်၊ ချစ်ခြင်းတရားရယ် ၄၉

၉။ သမ္မတကြီးရော ပြည်သူတွေကို ကြွက်တွေလို့မြင်နေပါသလား ၅၃

၁၀။ သမိတ်မှောက်ကျောင်းသားတွေကို တာကွယ်ပေးပါ ၅၇

(ဂ) အပြောင်းအလဲ (Transition)

၁၁။ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်များနှင့် သူတို့ဆွေးနွေးပွဲများ ၆၄

၁၂။ ဒေါ်အောင်ဆန်းစုကြည်က မင်းသလား ဦးသိန်းစိန်က ဗိုကလက်ပြစ်နိုင်သလား ၇၀

၁၃။ တင်ဂျူအိုင် ပြောက်ကိုဝိုးသားနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မြန်မာပြည်

၁၄။ ပွဲစည်းပုံပြင်ဆင်ရေးနှင့် (၆)ဦး ဗိုဏ်းကိစ္စ

(ဃ) နိုင်ငံတော်တည်ဆောက်ရေး (State Building)

၁၅။ အာရှဗိုလ်ချုပ်ကြီးများနှင့် တိုင်းပြည်တည်ဆောက်ရေး

၁၆။ လီကွမ်ယုပြောတဲ့ မြန်မာဗိုလ်ချုပ်များ

၁၇။ ရုဝင်ဒါနှင့် မြန်မာခေါင်းဆောင်တွေရဲ့ စင်ကာပူဇာတ်

၁၈။ အင်ဒေါ်နီးရှားရှင်များ ပြောင်းလဲခြင်း (တရုတ်နှင့်ရုရှား)

၁၉။ လောကွစ်မှားကို မြင်ရမယ့်အချိန်

၂၀။ ပဒိုပကျွဆောင်ရွက်

(င) သမိုင်း (History)

၂၁။ လွှတ်ပြောက်ခြင်းကို ပြန်လည်တူးဖော်ခြင်း

၂၂။ ဗိုလ်ချုပ်အောင်ဆန်းကို မမေ့ပါနဲ့

Profile & Interview

၂၃။ ကျွဲကူးရွာသား ဦးသိန်းစိန် (သို့မဟုတ်) စစ်ပုံမကျ စစ်သားတစ်ယောက်

၂၄။ ကျနော်က အညြိုဘာဝက လာတာပါ

နောက်ဆက်တွဲ

အင်ဒိုနီးရှားအသွင်ကူးပြောင်းရေး အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးသင်ခန်းစာ




## မာဖီးယားနိုင်ငံရေး တကျော့ပြန် မျှော်လင့်ချက်များအလွန် စိတ်ပျက်စရာများ

ဒီစာအုပ်ကို ထုတ်ဝေဖို့ ပြင်ဆင်နေချိန်မှာ နေပြည်တော်မှာ ဟောလိဝုဒ် ရုပ်ရှင်ထဲက မာဖီးယားဆန်ဆန်နိုင်ငံရေး လှုပ်ရှားမှုတခု ဖြစ်ခဲ့တယ်။ အာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်ကို ညကြီးသန်းခေါင်အချိန်မှာ ရဲတင်အားဒါလင်နဲ့ဝိုင်းပြီး ဝိုင်းခဲ့တယ်။ ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေရဲ့နာမည်ကိုသုံးပြီး ပါတီတွင်း အာဏာသိမ်းမှုဖြစ်ခဲ့တယ်လို့ မီဒီယာတွေက ဖော်ပြကြတယ်။

နောက်တနေ့မနက်မှာတော့ ကြံ့ခိုင်ရေးပါတီရဲ့ ထိပ်ပိုင်းဖွဲ့စည်းပုံစာရင်း ထွက်ပေါ်လာပြီး လက်ရှိဥက္ကဋ္ဌ သူရဦးရွှေမန်းရဲ့နာမည် မပါလာတော့ပါဘူး။ သမ္မတ ဦးသိန်းစိန်ကို ပါတီဥက္ကဋ္ဌနေရာမှာ ဖော်ပြထားတယ်။

တကယ်တော့ စစ်ခေါင်းဆောင်တွေ စိတ်ကြိုက်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတဟာ ပါတီတာဝန်တွေကို ထမ်းဆောင်ခွင့်မရှိပါဘူး။ ဒီလို ပြဋ္ဌာန်းချက်ကြောင့်ပဲ တကျောင်းတည်းထွက်တဲ့ ဦးသိန်းစိန်နဲ့ သူရဦးရွှေမန်းတို့အကြား ဆက်ဆံရေးမှာ အက်ကြောင်းပေါ်ခဲ့တယ်လို့ ပြောရပါမယ်။ အစပိုင်းနှစ်တွေမှာ သမ္မတဦးသိန်းစိန်ရဲ့ ပြုပြင်ပြောင်းလဲရေး ခြေလှမ်းတွေကြောင့် သမ္မတအပေါ် လူကြိုက်များခဲ့သလို ကြံ့ခိုင်ရေးပါတီရဲ့ ခေါင်းဆောင်ဖြစ်လာတဲ့ သူရဦးရွှေမန်းကလည်း ပါတီတွင်းမှာ တဖြည်းဖြည်း အာဏာတည်ဆောက်ခဲ့တယ်။

ပြည်ထောင်စုလွှတ်တော်ကို သူရဦးရွှေမန်းက ဦးဆောင်တဲ့ ဒုတိယ သက်တမ်းတဝက်မှာ လွှတ်တော်နဲ့ အစိုးရအဖွဲ့ကြားက အားပြိုင်မှုတွေဟာ ပိုပြီး သိသာလာခဲ့တယ်။ အစပိုင်းမှာ သမ္မတသက်တမ်း တဆက်ပဲ ထမ်းဆောင်မယ်ဆိုပြီး ပြောခဲ့တဲ့ သမ္မတဦးသိန်းစိန်က သဘောထားပြောင်းပြီး ဒုတိယသက်တမ်းကို လေသံပစ်လာတဲ့အခါမှာတော့ အုပ်စုဖွဲ့ အားပြိုင်မှုတွေ၊ ခြေထိုးတာတွေပိုပြီး ပြင်းထန်လာတယ်။ နောက်ဆုံးမှာတော့ တလျှောက်လုံး ငြိမ်သက်ရင်း အကွက်ကောင်း စောင့်နေပုံရတဲ့ သမ္မတအုပ်စုက ပါတီဌာနချုပ်ကို လက်နက်ကိုင်တွေနဲ့ဝိုင်းပြီး အနိုင်ပိုင်းလိုက်တယ်။

နိုင်ငံရေးပါတီတခုမှာ ခေါင်းဆောင်မှု အပြောင်းအလဲဖြစ်တာ အထူးအဆန်း မဟုတ်ပါဘူး။ ဒါပေမဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေ ပါလာတာကတော့ မာဖီးယားဆန်ပါတယ်။ အစိုးရဌာနချုပ်ရှိရာ လွှတ်တော်ရှိတဲ့နေရာမှာ ဒီလိုဖြစ်ခဲ့တဲ့အတွက် အစဉ်အလာမကောင်းပါဘူး။

ဒီအဖြစ်အပျက်က ကြံ့ခိုင်ရေးပါတီအတွက်သာမက မြန်မာပြည်နိုင်ငံရေးကို ဆက်ပြီး ဂယက်ရိုက်ပါလိမ့်မယ်။ လက်နက်အားကိုးနဲ့ နိုင်ငံရေးလုပ်တဲ့ အစဉ်အလာဆိုးကို မစွန့်လွှတ်နိုင်သမျှ ဒီမိုကရေစီ မရှင်သန်နိုင်ပါဘူး။ တခြားတဘက်မှာ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆက်ဆံရေးကောင်းတဲ့ သူရဦးရွှေမန်းကို အတင်းအကြပ် နည်းလမ်းသုံးပြီး ဖယ်ရှားလိုက်တာဟာလည်း အာဏာရအုပ်စုထဲက ပြုပြင်ပြောင်းလဲရေးဝါဒီတွေ နောက်ထပ်မပေါ်ပေါက်အောင် ဟန့်တားလိုက်တာ ဖြစ်ပါတယ်။

ဘယ်နိုင်ငံမှာမဆို စစ်အုပ်ချုပ်ရေးကနေ ဒီမိုကရေစီ အကူးအပြောင်းမှာ မဖြစ်မနေ လုပ်ဆောင်ရတဲ့ ကိစ္စတခုကတော့ စစ်တပ်နဲ့ နိုင်ငံရေးကို ခွဲခြားရတာပါပဲ။ အပြောင်းအလဲကို ဦးဆောင်တဲ့ နိုင်ငံရေးသမားတွေမှာ ဒီလို အမြော်အမြင်နဲ့ သတ္တိလိုပါတယ်။

ဒါပေမဲ့ သမ္မတဦးသိန်းစိန်ကို ပြန်ကြည့်တဲ့အခါမှာ အစပိုင်းမှာ မြန်မာပြည်မှာ နှစ်ပေါင်းများစွာ ပျောက်ဆုံးနေတဲ့ ဒီမိုကရေစီ ယဉ်ကျေးမှုကို ပြန်လည်အသက်သွင်းဖို့ လိုတယ်လို့ ပြောခဲ့တယ်။ သန့်ရှင်းတဲ့အစိုးရ၊ ကောင်းမွန်တဲ့ အစိုးရ ဖြစ်စေရမယ်လို့ ကတိတွေ ပေးခဲ့တယ်။ တကယ့် လက်တွေ့ဘဝမှာတော့ နောက်တော့ ဒီမိုကရေစီ ယဉ်ကျေးမှုရဲ့ အသက်ဖြစ်တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေကို ငြင်းခဲ့တယ်။ အစိုးရအဖွဲ့ဟာလည်း ပြည်သူ့အကျိုးအတွက် စေတနာနဲ့ စွမ်းဆောင်ရည်ရှိတဲ့ အဖွဲ့အဖြစ် အသိအမှတ်ပြု မခံရပါဘူး။

တကယ်တော့ စစ်အစိုးရခေတ် အသုံးတော်ခံ ဝန်ကြီးချုပ်ဘဝကနေ သမ္မတဖြစ်လာတဲ့ ဦးသိန်းစိန်ရဲ့ အရည်အချင်း၊ စွမ်းဆောင်ရည်က အစကတည်းက ဘာမှ မျှော်လင့်စရာ မရှိပါဘူး။ ရိုးသားမှုအပေါ်မှာ မျှော်လင့်ခဲ့ကြတာသာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဦးသိန်းစိန်ဟာ အများမျှော်လင့်သလို မဟုတ်ဘဲ တိုင်းပြည်အကျိုးစီးပွားထက် အုပ်စုအကျိုးစီးပွားဘက်ကို မျက်နှာမူခဲ့တယ်။ ဒီလိုနဲ့ သူ့ရဲ့ နာမည်ကြီးလှတဲ့ ရိုးသားမှု (Since-rity) ဟာလည်း ရေစုန်မျောသွားရတယ်။ မြန်မာပြည်ဟာ နေ့ဟောင်းနေ့ဆိုးများဆီသို့ ပြန်လည်သက်ဆင်းသွားရပါတယ်။

ဒီစာအုပ်မှာ သမ္မတဦးသိန်းစိန် သက်တမ်း အစောပိုင်းနှစ်တွေအတွင်းက ရေးသားခဲ့တဲ့ မျှော်လင့်ချက် ဆောင်းပါးတွေအပြင် နောက်ပိုင်းနှစ်တွေအတွင်း စိတ်ပျက်စရာများလည်း ပါဝင်ပါတယ်။ နောက်ဆက်တွဲအဖြစ် အင်ဒိုနီးရှားဆီက အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး သင်ခန်းစာနဲ့ စာတမ်းငယ်တစောင်ကို ဘာသာပြန် ထည့်သွင်းပေးပါတယ်။ ■

၁၄-၀၈-၂၀၁၅